နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ သဘောထားမှတ်ချက်များ

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန

သတင်းအချက်အလက်ထုတ်ပြန်ရေးရုံး

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂

သဘောထားမှတ်ချက်များ

နိုင်ငံခြားရေးဝန်ကြီး ဟီလာရီရော့ဒ်ဟမ်ကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂

ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်

ရန်ကုန်၊ မြန်မာ။

မစ္စကြည် ။ ။ အားလုံးနေရာတကျရှိပါပြီလား။ အခုချိန်ဟာ ကျွန်မတို့အားလုံးအတွက် အင်မတန်ကောင်းမြတ်ပြီး ဂုဏ်ကျက်သရေရှိတဲ့အချိန်လည်း ဖြစ်ပါတယ်။ အားလုံးကြားရပါရဲ့လား။

မေးခွန်း ။ ။ ဟုတ်ကဲ့။

မစ္စကြည် ။ ။ ဝန်ကြီးကလင်တန်ကို ကျွန်မရဲ့နိုင်ငံနဲ့ ကျွန်မရဲ့နေအိမ်ကနေ ကြိုဆိုပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက တည်ရှိခဲ့တဲ့ ကျွန်မတို့နိုင်ငံတွေကြားမှာ စည်းနှောင်ထားခဲ့တဲ့ ချစ်ကြည်ရေးနဲ့ နားလည်မှုတို့ကို ပြန်လည်သစ်လွင်စေမယ်လို့ မျှော်လင့်ရတဲ့အတွက် ဒီအချိန်အခါသမယဟာ သမိုင်းဝင်အချိန်လို့ ကျွန်မထင်ပါတယ်။ ချစ်ကြည်ရေး အားနည်းခဲ့တဲ့အချိန်တွေ ရှိခဲ့ပေမဲ့ ပျက်ပြားခဲ့တယ်လို့တော့ ကျွန်မ မထင်ပါဘူး။ အခုချိန်ကစပြီး ကျွန်မတို့နှစ်နိုင်ငံကြား ချစ်ကြည်ရေးနဲ့ နားလည်မှုတို့ ပြန်လည်တည်ဆောက်နိုင်ပြီး ခိုင်မြဲမှု ရှိလာရုံသာမက ကျွန်မတို့လို လူအခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေအဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့မယ့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ တခြားနိုင်ငံတကာအသိုင်းအဝိုင်းလည်း ပါဝင်လာမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

ဝန်ကြီးကလင်တန်အနေနဲ့ နေပြည်တော်မှာ အင်မတန်ကောင်းမွန်တဲ့ တွေ့ဆုံမှုတွေရှိခဲ့တယ်လို့ ကြားသိရတဲ့အတွက် ကျွန်မတို့ အင်မတန်ဝမ်းသာပါတယ်။ အမေရိကန်နိုင်ငံရဲ့ ကျွန်မတို့နိုင်ငံအပေါ် ထိတွေ့ဆက်ဆံလာတဲ့အနေအထားကိုလည်း ကျွန်မတို့ဝမ်းသာပါတယ်။ တွေ့ဆုံဆွေးနွေးရေးကနေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အောင်မြင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုတွေကြောင့်လည်း ရှေ့ဆက်လျှောက်ရမယ့်လမ်းကြောင်း ပိုမိုထင်ရှားလာမယ်လို့ ထင်မြင်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့လမ်းစဉ်အပေါ် ယုံကြည်ချက်တွေရှိလာမှာပါ။ ဒီ့အတွက်လည်း အမေရိကန်နိုင်ငံရဲ့ အကူအညီသာမက တခြားနိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အကူအညီတွေကို လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ စွမ်းဆောင်ရည်

မြှင့်ရေး လုပ်ပေးဖို့လိုပါတယ်၊ နည်းပညာအကူအညီတွေ လိုအပ်ပါတယ်။ ကျွန်မတို့တိုင်းပြည်အတွက် လိုအပ်ချက်တွေကို ဆန်းစစ်ပေးမယ့် ကမ္ဘာ့ဘဏ်ကအဖွဲ့လာရောက်ဖို့ကိုလည်း ကျွန်မတို့ စိတ်အားထက်သန်နေပါတယ်။

ရှေ့ဆက်လျှောက်ရမယ့် ခြေလှမ်းတွေကို မဆုံးဖြတ်ခင်မှာ ကျွန်မတို့အတွက် အလိုအပ်ဆုံးအရာတွေကို သိထားဖို့ လိုပါတယ်။ ဒီတိုင်းပြည်အတွက် အလိုအပ်ဆုံးအရာနှစ်ခုကတော့ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်တွင်းစစ်ရပ်စဲရေးပဲဖြစ်ပါတယ်။ အကြမ်းဖက်မှုအားလုံးကို အမြန်ဆုံးဆောလျင်စွာ ရပ်ဆိုင်းရပါမယ်။ ဒါမှလည်း တိုင်းရင်းသားတွေနဲ့ ချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ပြီး တိုးတက်တဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

အခု တရားဥပဒေစိုးမိုးရေးအကြောင်းကို ကျွန်မပြောတဲ့အခါမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ ထပ်ပြီး မတိုးပွားလာဖို့ ကာကွယ်ရေးက အဓိကကျပါတယ်။ ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ လိုပါတယ်။ ပြီးတော့ အနာဂတ်မှာ ဘယ်သူမှ မိမိရဲ့ ယုံကြည်ချက်ကြောင့် အဖမ်းမခံရဖို့ အာမခံချက်လိုပါတယ်။ ဒါကြောင့်လည်း တရားဥပဒေစိုးမိုးရေးကို အင်မတန် အလေးထားတာဖြစ်ပြီး အမေရိကန်နိုင်ငံနဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေတွေကလည်း တိုင်းပြည်မှာ တရားဥပဒေစိုးမိုးရေးအတွက် ကျွန်မတို့ ဆောင်ရွက်ကြိုးပမ်းတဲ့အခါနဲ့ တိုင်းပြည်ရဲ့ ပညာရေးနဲ့ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်တဲ့အခါမှာ ဝိုင်းဝန်းကူညီပေးကြမယ်လို့လည်း ကျွန်မယုံကြည်မိပါတယ်။ ဒီအချက်တွေဟာ ကျွန်မတို့တိုင်းသူပြည်သားအားလုံးအတွက် အခြေခံလိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။

ဗမာလူမျိုးအများစုနေထိုင်တဲ့ မြေပြန့်ဒေသတွေမှာ ကျွန်မတို့ဆောင်ရွက်သမျှနဲ့ ထပ်တူညီတဲ့ အစီအစဉ်တွေ၊ စီမံချက်တွေကိုလည်း တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေမှာ လုပ်ကိုင်ဖော်ဆောင်နိုင်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ဟာ တိုင်းရင်းသားတွေ အများကြီးနဲ့ ပေါင်းစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်လို့ပါပဲ။ တိုင်းရင်းသားအများအပြားနေထိုင်တဲ့ ပြည်ထောင်စုတစ်ခုမှာ သာတူညီမျှမှုရှိရပါမယ်။ လိုအပ်ချက်ရှိသူတွေအတွက်လည်း ထည့်သွင်းစဉ်းစားပေးဖို့လိုပါတယ်။ ပြီးတော့ တိုင်းသူပြည်သားတွေရဲ့လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးဖို့အတွက် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျွန်မတို့ရဲ့မိတ်ဆွေတွေအားလုံးက ဝိုင်းဝန်းကူညီကြဖို့ ကျွန်မတို့ အလေးအနက်ထားပါတယ်။

ကျွန်မတို့လို့ဆိုရာမှာ မြန်မာအစိုးရ၊ မြန်မာနိုင်ငံမှာရှိတဲ့ အတိုက်အခံအင်အားစုတွေ၊ အမေရိကန်နိုင်ငံက မိတ်ဆွေတွေနဲ့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျွန်မတို့နဲ့ စိတ်တူကိုယ်တူရှိတဲ့သူအားလုံးကို ဆိုလိုပါတယ်။ ကျွန်မတို့သာ အတူတကွ အလုပ်လုပ်ကြမယ်၊ အတူတကွ ရှေ့ကိုလှမ်းကြမယ်ဆိုရင် ဒီမိုကရေစီလမ်းကြောင်းပေါ်ကနေ နောက်ပြန်လှည့်စရာမရှိဘူးလို့ ကျွန်မယုံကြည်ပါတယ်။ အခုကျွန်မတို့ ဒီလမ်းကြောင်းပေါ်မှာ မရှိသေးပေမဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေတွေရဲ့ ကူညီမှု၊ နားလည်ပေးမှုတွေကြောင့် ဒီလမ်းကြောင်းပေါ်ကို အမြန်ဆုံး ရောက်လာတော့မယ်လို့ ထင်ပါတယ်။

အမေရိကန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ကြိုဆိုတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကို ဒီကနေ့ဖတ်ရတဲ့အတွက် ကျွန်မအင်မတန်မှ ဝမ်းသာရပါတယ်။ ဒါဟာ ကျွန်မတို့ကို တစ်ကမ္ဘာလုံးက ထောက်ခံတယ်ဆိုတာကို ပြသတာပါပဲ။ အထူးသဖြင့် ကျွန်မတို့နဲ့ အင်မတန်နီးကပ်တဲ့ အိမ်နီးချင်းတရုတ်နိုင်ငံနဲ့ ကောင်းမွန်တဲ့ ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ရတဲ့အတွက် ကျွန်မ အင်မတန်ဝမ်းသာပါတယ်။ တရုတ်နိုင်ငံတင်မကပါဘူး၊ တခြားကျန်တဲ့နိုင်ငံတွေနဲ့လည်း ဒီလိုချစ်ကြည်ရေးထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

အခု ဝန်ကြီးကလင်တန်ကို အလှည့်ပေးဖို့ အချိန်တန်ပြီလို့ ကျွန်မထင်ပါတယ်။ ကျွန်မတို့ နောက်ကျနေလို့ သူ့ဆီက စကားကိုလည်း အများက ကြားချင်နေပြီလို့ထင်ပါတယ်။

ဝန်ကြီးကလင်တန် ။ ။ အရင်ဦးဆုံးအနေနဲ့ သင့်ရဲ့ ဇည့်ဝတ်ကျေပွန်မှုနဲ့ ကျွန်မတို့ကို ဒီကနေ့ ကြိုဆိုတာတွေအတွက် ကျေးဇူးတင်ကြောင်းပြောချင်သလို သင့်ရဲ့ ခိုင်မာပြတ်သားတဲ့ဦးတည်ချက်နဲ့ တိုင်းရင်းသားတွေအပါအဝင် ဆန္ဒမထုတ်ဖော်နိုင်တဲ့သူပေါင်းများစွာနဲ့ အခြားအခြားသော အတိုက်အခံတွေအပေါ်မှာရှိတဲ့ သင့်ရဲ့ဦးဆောင်မှုကိုပါ ပြောချင်ပါတယ်။

ဒီမိုကရေစီဆိုတာ ပန်းတိုင်တစ်ခုပါ။ အစပိုင်းကတည်းကိုက ရည်မှန်းချက်ပန်းတိုင်တစ်ခုပါ။ ရှည်လျားပြီး အင်မတန်ခက်ခဲတဲ့လမ်းတစ်ခုလို့ ကျွန်မတို့ နားလည်သဘောပေါက်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောသလိုပဲ ရှေ့ဆက်ဖို့ ခွန်အားတွေဖြစ်စေမယ့် လမ်းစတွေကို အခုမြင်တွေ့နေရပါပြီ။ အစိုးရအရာရှိတွေနဲ့ တွေ့ဆုံဖို့လာခဲ့တဲ့ ကျွန်မရဲ့ ခရီးစဉ်မှာ အတိုက်အခံအင်အားစုတွေ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံခဲ့ရပြီး ရှေ့ဆက်သွားရမယ့်လမ်းအတွက် နည်းလမ်းရှာဖွေဖို့ ရည်ရွယ်ပါတယ်။

အမေရိကန်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ မိတ်ဖက်နိုင်ငံဖြစ်ချင်ပါတယ်။ သင်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ပြောင်းလဲရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး၊ ခက်ခဲပေမဲ့ လုပ်ဆောင်ဖို့လိုအပ်တဲ့ တိုင်းရင်းသား ပဋိပက္ခရပ်ဆိုင်းရေးနဲ့ လွတ်လပ်၊ တရားမျှတပြီး ယုံကြည်ရတဲ့ ရွေးကောက်ပွဲကျင်းပရေးအတွက် သင်တို့နဲ့အတူ ပူးပေါင်းလုပ်ကိုင်ချင်ပါတယ်။ သင်တို့နဲ့အတူ နီးကပ်စွာလုပ်ကိုင်နေတဲ့အတွက် အစိုးရရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ပေးဖို့လိုအပ်တယ်လို့ မြင်ပါတယ်။ သင်ပြောသလိုပါပဲ၊ ဘယ်လိုနည်းပညာပံ့ပိုးမှုတွေကို လုပ်ပေးသွားရမလဲဆိုတာကို ကျွန်မတို့ ဆက်လက်ဆွေးနွေးသွားပါမယ်။ တရားဥပဒေစိုးမိုးရေးက ဒီမိုကရေစီဖြစ်စဉ်အတွက် လိုအပ်တဲ့အတွက် ဒီကိစ္စအောင်မြင်အောင် ဘယ်လိုလုပ်နိုင်မလဲဆိုတာကို ကျွန်မတို့ နည်းလမ်းရှာဖွေသွားမှာပါ။

သင့်မှာ စိတ်ခွန်အားတွေရှိပါတယ်လို့ အလေးအနက်ပြောရင်း ကျွန်မ နိဂုံးချုပ်ပါရစေ။ ဒါပေမဲ့ တူညီတဲ့ အခွင့်အရေးတွေနဲ့ လွတ်လပ်ခွင့်တွေကို ခံစားထိုက်တဲ့ သင့်ရဲ့ တိုင်းသူပြည်သားအတွက် သင်ရပ်တည်နေတယ်ဆိုတာကို ကျွန်မ သိပါတယ်။ ပြည်သူတွေဟာ ရဲရင့်ပြီး အခက်အခဲတွေကို ခိုင်ခိုင်မာမာနဲ့ ဖြတ်သန်းလာတာ နှစ်ပေါင်းများစွာရှိပါပြီ။ ဒီတိုင်းပြည်ကို နေရာမှန်မှာ ရပ်တည်နေတာကို ကျွန်မတို့မြင်တွေ့ချင်ပါတယ်။ ကလေးတိုင်း ကောင်းမွန်တဲ့ပညာရေးရရှိတာ၊ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုရရှိတာ၊ မိသားစုကို ထောက်ပံ့စောင့်ရှောက်နိုင်တဲ့ အလုပ်အကိုင်ရရှိတာ၊ မြို့ကြီးတွေ သာမက ကျေးလက်ဒေသတွေပါ ဖွံ့ဖြိုး တိုးတက်လာတာကို ကျွန်မတို့မြင်တွေ့ချင်ပါတယ်။

ဒီတော့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျွန်မတို့ကို ကြာရှည်စွာ သင်ကိုယ်စားပြုဖို့ ကျွန်မတို့မှာ စိတ်ကူးအိပ်မက်ရှိပြီး သင်၊ အစိုးရသစ်နဲ့ နိုင်ငံသားတိုင်းအတွက် အခွင့်အလမ်းဆိုတဲ့ အနာဂတ်ကို မြင်တွေ့ချင်တဲ့သူတိုင်းနဲ့ ကျွန်မတို့ မိတ်ဖက်တွေ ဖြစ်ချင်ပါတယ်။

ဒီတော့ သင့်ရဲ့ ဇည့်ဝတ်ကျေပွန်မှုကို ကျေးဇူးတင်ကြောင်း ထပ်ပြောချင်ပါတယ်။ ဒါပေမဲ့ သင့်ရဲ့ ဦးဆောင်မှုနဲ့ အမေရိကန်နိုင်ငံနဲ့ ခိုင်မြဲစွာလက်တွဲမှုတို့ကို ပိုပြီးတော့ ကျေးဇူးတင်ပါတယ်။

မစ္စကြည် ။ ။ ကျွန်မကလည်း ကျေးဇူးတင်ပါတယ်။ သမ္မတအိုဘားမားနဲ့ အမေရိကန်ပြည်ထောင်စုကိုလည်း ကျွန်မတို့နဲ့ အတူ နီးကပ်စွာတည်ရှိတဲ့အတွက်၊ ကျွန်မတို့ရဲ့ခြေလှမ်းတိုင်းကို တိုင်ပင်ဆွေးနွေးပေးတဲ့အတွက်၊ တိုင်းပြည်ကို တွေ့ဆုံ

ဆွေးနွေးရေးလမ်းစဉ်နဲ့ ဂရုတစိုက် ချဉ်းကပ်ဆောင်ရွက်တဲ့အတွက် ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ဒီအချိန်ဟာ ကျွန်မတို့အားလုံးအတွက် အနာဂတ်အစပါဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဝန်ကြီးကလင်တန်။ ။ ကျေးဇူးအထူးတင်ပါတယ်။